## Fourteenth Sunday in Ordinary Time

**1st READING:** ***EZ 2:2-5***

ယေဇကျေလအနာကတ္တိကျမ်း ၂ း ၂-၅

ထိုသို့ဆိုသောအခါဝိညာဉ်တော်သည်ငါ့အထဲသို့ဝင်၍မတ်တပ်နေစေသဖြင့်၊ငါနှင့်ပြောသောသူ၏စကားကို ငါ ကြားသည်ကား၊ အချင်းလူသားငါ့ကိုပုန်ကန်တတ်သောအမျိုးတည်းဟူသော၊ ယနေ့တိုင်အောင်ဘိုးဘေးတို့နှင့်တကွ ငါ့ကိုအစဉ်ပုန်ကန်၍ ပြစ်မှားသောဣသရေလအမျိုးသားတို့ရှိရာသို့ သင့်ကိုငါစေလွှတ်မည်။ ရဲသောမျက်နှာနှင့်ခိုင်မာသောနှလုံးရှိသောအမျိုးသားတို့ရှိရာသို့သင့်ကိုငါစေလွှတ်၍၊ သင်က၊အရှင်ထာဝရဘုရားမိန့်တော်မူသည်ဟုသူတို့အားပြောရမည်။ သူတို့သည်ပုန်ကန်တတ်သော အမျိုးဖြစ် ၍၊ နားထောင်သည်ဖြစ်စေ၊နားမထောင်သည်ဖြစ်စေ၊မိမိတို့တွင်ပရောဖက်ရှိသည်ကိုသိရကြ မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm Ps 123: 1-2, 2, 3-4

**ဆာလံ ၁၂၃**

သံပြိုင်။ ။ ကောင်းကင်ဘုံ၌စိုးစံတော်မူသောကိုယ်တော်ရှင်အားတပည့်တော်မျှော်ကြည့်ပါ၏။

**၁။** ကောင်းကင်ဘုံ၌စိုးစံတော်မူသောကိုယ်တော်ရှင်အားတပည့်တော်မျှော်ကြည့်ပါ၏။အစေခံတို့သည်မိမိတို့ သခင်၏လက်ကိုကြည့်သကဲ့သို့လည်းကောင်း၊ အစေခံမသည် မိမိသခင်မ၏လက်ကိုကြည့်သကဲ့သို့ လည်းကောင်း၊ကိုယ်တော်၏သနားကရုဏာတော်ကို တပည့်တော်တို့မခံစားရမချင်း တပည့်တော်တို့သည် မိမိတို့၏အရှင် ထာဝရဘုရားသခင်အား မျှော်ကြည့် လျက်ရှိပါ၏။ **(သံပြိုင်)**

၂။ အစေခံတို့သည်မိမိတို့သခင်၏လက်ကိုကြည့်သကဲ့သို့လည်းကောင်း၊အစေခံမသည်မိမိသခင်မ၏လက်ကိုကြည့်သကဲ့သို့လည်းကောင်း၊ကိုယ်တော်၏သနားကရုဏာတော်ကိုတပည့်တော်တို့မခံစားရမချင်းတပည့်တော်တို့သည်မိမိတို့၏အရှင်ထာဝရဘုရားသခင်အားမျှော်ကြည့်လျက်ရှိပါ၏။ **(သံပြိုင်)**

၃။ တပည့်တော်တို့ကို သနားတော်မူပါ။ အိုထာဝရဘုရား၊ တပည့်တော်တို့ကို သနားတော် မူပါ။ အကြောင်းမူကား၊ တပည့်တော်တို့သည် မထီ မဲ့မြင်ပြုခြင်းကိုပြင်းထန်စွာခံရသောကြောင့်ဖြစ်ပါ၏။ တပည့်တော်တို့သည်ကောင်းစားနေသော သူတို့၏ ကဲ့ရဲ့ခြင်းနှင့် မာနထောင်လွှားသော သူတို့၏ မထီမဲ့ မြင်ပြုခြင်းကို ကြာမြင့်စွာ ခံစားခဲ့ကြရပါပြီ။ **(သံပြိုင်)**

## 2nd READING: *2 Cor 12: 7-10*

ကော်ရင့်သုဩဝါဒစာ ဒုတိယစာစောင် ၁၂း ၇–၁၀

ငါခံယူရရှိသည့်များပြားလှသောဗျာဒိတ်တော်များကြောင့်ငါသည်ဘဝင်မမြင့်စခြင်းငှာ၊ ငါ့ကိုညှင်းဆဲရန်စာတန်နတ်ဆိုး၏တမန်တစ်ဦးအနေနှင့်ဆူးငြောင့်တစ်ခုကိုကိုယ်ထဲတွင်ပေးတော်မူ၏။ထိုညှင်းဆဲမှုကိုဖယ်ရှားပေးတော်မူပါရန်သခင်ဘုရားထံသုံးကြိမ်တိုင်တိုင်ငါတောင်းခံခဲ့သည်။ သို့သော်ကိုယ်တော်ကငါ၏ကျေးဇူးတော်သည်သင့်အတွက်လုံလောက်ပေသည်။ သင်အားနည်းသောအခါငါ့တန်ခိုးတော်သည်ပြည့်စုံ၏ဟုမိန့်တော်မူ၏။ ထို့ကြောင့်ခရစ်တော်။ တန်ခိုးတော်သည်ငါ့အပေါ်၌ကျိန်းဝပ်မည့်အကြောင်းငါ၏အားနည်းချက်များကိုပို၍ပင်ဝမ်းမြောက်ဝမ်းသာစွာငါဂုဏ်ယူဝါကြွားမည်။ သို့ဖြစ်၍ခရစ်တော်ကြောင့်ခံရသောအားနည်းခြင်းများ၊ ကဲ့ရဲ့ပစော်ကားခြင်းများ၊ အခက်အခဲများ၊ ညှင်းပန်းနှိပ်စက်မှုများနှင့်ဘေးဒုက္ခများအတွက်ငါကျေနပ်ပါသည်။အကြောင်းမူကားငါသည်အားနည်းသောအခါခွန်အားတန်ခိုးနှင့်ပြည့်စုံလျက်ရှိ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL: Mark 6:1-6**
ရှင်မာကုဧဝံဂေလိကျမ်း ၆း ၁–၆

ကိုယ်တော်သည်ထိုအရပ်မှထွက်ခွာတော်မူ၍၊ မိမိနေရင်းမြို့သို့ကြွလာတော်မူ၏။ တပည့်တော်တို့သည်လည်းကိုယ်တော်၏နောက်တော်မှ လိုက်ပါလာကြ၏ဥပုသ်နေ့၌ ကိုယ်တော်သည်တရားဇရပ်တွင်ဟောပြောသွန်သင်တော်မူ၏။များစွာသော သူတို့သည်ကိုယ်တော်၏သွန်သင်ချက်ကိုကြားကြသောအခါအလွန်အံ့သြကြ၏။ သူသည်ဤပညာအားလုံးစုံကိုအဘယ်ကရသနည်း။ သူရရှိထားသောဉာဏ်ပညာသည်မည်သည့်အရာဖြစ်သနည်း။ သူ၏လက်ဖြင့်တန်ခိုးအံ့ဘွယ်ရာများကိုမည်ကဲ့သို့ပြုနိုင်သနည်း။ သူသည်လက်သမားသား၊ မာရိယာ၏သားဖြစ်၍ယာကုပ်၊ ဂျိုဇက်၊ ဂျုဒနှင့်စီမုန်တို့၏အစ်ကိုမဟုတ်လော။ သူ၏နှမများသည်လည်းဤအရပ်မှာငါတို့နှင့်အတူရှိကြသည်မဟုတ်လောဟုဆိုကြ၍သူတို့သည်ကိုယ်တော့်ကိုလက်မခံကြချေ။ သခင်ယေရှုကလည်းပရောဖက်သည်မိမိမြို့၊ မိမိအိမ်နှင့်မိမိဆွေမျိုးရှိရာမှတစ်ပါးအခြားအရပ်၌ဂုဏ်သရေရှိ၏ဟုသူတို့အားမိန့်တော်မူ၏။ ကိုယ်တော်သည်မကျန်းမာသောသူအနည်းငယ်တို့အပေါ်တွင်လက်တော်ကိုတင်၍ပျောက်ကင်းချမ်းသာစေခြင်းမှတစ်ပါးမည်သည့်တန်ခိုးလက္ခဏာကိုမျှ ထိုအရပ်၌ ပြတော်မမူ။ ကိုယ်တော်သည်ထိုသူတို့၏ယုံကြည်ခြင်းကင်းမဲ့မှုကိုအံ့သြတော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။